**ကချင်ပြည်နယ်တွင် မူးယစ်ဆေးစွဲပြဿနာကို ဖြေရှင်းရန် ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုပ်ငန်းအဆိုပြုလွှာအကျဉ်းချုပ် (Concepts) များ ခေါ်ယူခြင်း ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ နှစ်ပတ်လည်စီမံကိန်းကြေငြာချက်၏ နောက်ဆက်တွဲ ကြေငြာချက်**

**(APS No: 7200AA19APS00007)**

**Original Issuance Date: 11/01/2019**
**Amended Date: 12/10/2019**
**Closing Date: 01/31/2020**

| |
|---|
| **လျှောက်ထားမည့်သူများ သတိပြုမှတ်သားရန်။** ။ ယခု ကြေငြာချက်သည် ထုတ်ပြန်ပြီးသော ကြေငြာချက်တစ်ခု၏ နောက်ဆက်တွဲကြေငြာချက်ဖြစ်သည်။ စိတ်ပါဝင်စားသော အဖွဲ့အစည်း အားလုံးသည် ဤ နောက်ဆက်တွဲကြေငြာချက်နှင့် ယခင်ထုတ်ပြန်ပြီးသော ကြေငြာချက် အပြည့်အစုံ တို့ကို သေချာစွာ သုံးသပ် လေ့လာရမည်ဖြစ်ပါသည်။ ၎င်းတို့ကို https//www.grant.gov/web/grants/view-opportunity.html?oppld=314757 တွင် ရယူဖတ်ရှုနိုင်ပါသည်။ ကမ္ဘာလုံး ဆိုင်ရာ ကြေငြာချက်အပြည့်အစုံတွင် ပါရှိသော အရေးကြီးသည် အချက်အလက်များကို ဤသီးသန့် နောက်ဆက်တွဲကြေငြာချက်တွင် ထပ်မံ မထည့်သွင်းတော့ပါ။ |

ဤစီမံကိန်းကို ပြင်ဆင်ထားသော 1961 နိုင်ငံရပ်ခြားကူညီထောက်ပံ့ရေးဥပဒေ (Foregin Assistance Act of 1961) အရ အတည်ပြု အကောင်အထည်ဖော်ပါသည်။

ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ နှစ်ပတ်လည်စီမံကိန်း အစီရင်ခံချက် 2019 (APS No: 7200AA19APS00007) ၏ နောက်ဆက်တွဲကြေငြာချက်က ကချင်ပြည်နယ်တွင် တရားမဝင် မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် မူးယစ်ဆေးစွဲ ပြဿနာဖြေရှင်းရေးကို အဓိကထား သော လုပ်ငန်းအဆိုပြုလွှာ အကျဉ်းချုပ်များ တင်သွင်းအဆိုပြုရန် ဒေသခံများကို USAID/Burma က အထူးဖိတ်ခေါ်ပါသည်။

မူးယစ်ဆေးဝါး သုံးစွဲခြင်းနှင့် ၎င်းနှင့်ဆက်စပ်နေသော HIV ကူးစက်ခြင်းသည် မြန်မာနိုင်ငံ ကချင်ပြည်နယ်တွင် တိုးမြင့်ဖြစ်ပွားနေပါသည်။ ပဋိပက္ခဒေသအတွင်း တည်ရှိနေသော ဤကျေးလက်တောတွင်း မူးယစ်ဆေးဝါးပျံ့နှံ့မှု၏ ရှုပ်ထွေးသော အချက်အလက်များက ကမ္ဘာ့အထူးခြားဆုံး ဖြစ်ရပ်အနေအထား တစ်ခုဖြစ်လာစေပါသည်။ ဤပြဿနာကိုဖြေရှင်းရန် မည်သည့်မှော်ပဋ္ဌလက် အစွမ်းနည်းလမ်းမှ မရှိပါ။ USAID/Burma (Myanmar) က ဤရှုပ်ထွေးပြီး အန္တရာယ်ရှိသော ပြဿနာများသည် ရပ်ရွာအတွင်းရှိ ပါဝင်ပတ်သက် သူ (stakeholders) များနှင့် ကျယ်ပြန့်သော ချဉ်းကပ်ဆောင်ရွက်မှု စနစ်တစ်ခုကို အသုံးပြုခြင်းဖြင့် ဖြေရှင်းနိုင်သည်ကို ပြသရန် "ဒေသခံလုပ်ငန်း

ရပ်များကို ထောက်ပံ့ခြင်းကို အဆိုပြုပါသည်။ ၄င်း stakeholders များက အတူပူးပေါင်းဖန်တီး၊ ပြုစုရေးသား၊ အတည်ပြု ဖော်ဆောင်ပြီးလျှင် အဆုံး၌ မိမိဒေသ၌ ဖြစ်သော ပြဿနာများအတွက် မိမိတို့၏ ဖြေရှင်းချက်များအပေါ် တာဝန်ခံမှုရှိရမည်ဖြစ်သည်။ ဒေသခံစနစ် ချဉ်းကပ်ခြင်းသည် ဆီလျော်မှု ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိဆောင်ရွက်နေသော စီမံကိန်းများသည် အချင်းချင်း သတင်းအချက်အလက်နှင့် လုပ်ငန်းလုပ်ဆောင်ပုံများကို ဝေမျှမှု မရှိခြင်းနှင့် အချင်းချင်း ပတ်သက်မှု မရှိကြသည့် အခြေအနေတွင် လုပ်ဆောင်ကြခြင်းကြောင်း ထိရောက်မှုတွင် အားနည်းပါသည်။ ဤကဲ့သို့ အကောင်အထည်ဖော်ဆောင်မှုများသည် နည်းစနစ်အရ မှန်ကန်ကောင်းမွန်ပုံရသော်လည်း ကချင်ပြည်နယ်၏ အခြေအနေအရ ဒေသခံများရင်ဆိုင်နေရသော ဆက်စပ်ပတ်သက်နေသည့် မြောက်များစွာသော စိန်ခေါ်မှုများကို မဖြေရှင်းနိုင်ပါ။ ဒေသခံစနစ် ချဉ်းကပ်ခြင်းသည် ဒေသခံများ၏ ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်မှုနှင့် ရပ်ရွာအတွင်း လုပ်ကိုင်ဆောင်ရွက်သူများက သူတို့၏ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် စွမ်းရည်တိုးမြှင့်အောင် USAID က ကူညီနိုင်မှု အရည်အသွေးကို ပိုမိုကောင်းမွန်အောင် အထောက်အကူပြုပါသည်။ များစွာသောဒေသခံများ၏ ကျန်းမာရေး၊ ကြီးပွားချမ်းသာရေးနှင့် ငြိမ်းချမ်းရေးစသော အကျိုးကိစ္စ မျှော်မှန်းချက်များမှာ တူညီကြပါသည်။ သို့သော်လည်း ၄င်းတို့သည် တစ်ဦးနှင့်တစ်ဦး ဆက်စပ်မှု မရှိကြပါ။ ၄င်းတို့သည် တစ်ဦးနှင့်တစ်ဦး၏ အတွေးအမြင်ကို နားလည်မှုမရှိပါ။ ထို့အပြင် အလုံးစုံအပြည့်အဝ အခြေအနေတစ်ရပ်ကို သိနိုင်ခွင့်မရှိပါ။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး သဘောတရားမှာ အကယ်၍ ဒေသခံဦးဆောင်မှု တာဝန်ယူမှုနှင့် ကိုယ့်အားကိုယ်ကိုးမှုကို ဦးစားပေးနိုင်လျှင်၊ အကယ်၍ ပြည်တွင်း သယံဇာတရင်းမြစ်များကို ကောင်းမွန်ထိရောက်စွာ ရရှိပြီး ကောင်းမွန်လက်တွေ့ကျသော ချိတ်ဆက်မှုများ ဆောင်ရွက်နိုင်လျှင် ကျွန်ုပ်တို့ ရေရှည်တည်တံ့သော ရလဒ်များ ရရှိမည်ဖြစ်ပါသည်။

အများဆုံးသုံးနှစ်တာကာလအထိ လုပ်ငန်း တစ်ခုအတွက် ထောက်ပံ့မည့် ခန့်မှန်းခြေပမာဏမှာ အမေရိကန်ဒေါ်လာ 400,000 မှ အမေရိကန် ဒေါ်လာ 1,000,000 အတွင်း ဖြစ်သည်။ ဤတစ်ဖွဲ့မက ပူးပေါင်းဆောင်ရွက်မည့် စုပေါင်းအဖွဲ့ (consortium) များကို လျှောက်ရန် တိုက်တွန်းလိုပါသည်။ ပထမနောက် ဆက်တွဲကြေငြာချက်သည် လုပ်ငန်းတစ်ခု စာအတွက် ထောက်ပံ့မည့် ငွေကြေးပမာဏဖြစ်သည်။ သို့သော်လည်း နောက်နှစ်တွင် USAID/ Burma က လုပ်ငန်းအများအပြားအတွက် ထောက်ပံ့နိုင်မည်ဟု ကတိကဝတ်ပြုပါသည်။

ယခုဖော်ပြထားသည့် အချက်အလက်များအပြင် ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ APS ၏ စည်းမျဉ်းစည်းကမ်းနှင့် သဘောတူညီချက်တို့သည် https://www.grants.gov/web/grants/view-opportunity.html? oppId=314757 တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။

**<u>အခန်း(၁)။ ။ နောက်ခံအချက်အလက်များ</u>**

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဘိန်းဒုတိယအများဆုံးထုတ်လုပ်သောနိုင်ငံဖြစ်ပြီး၊ ကမ္ဘာ့ မီသာဖက်တမင်းအများဆုံး ထုတ်လုပ်သည့်နိုင်ငံလည်း ဖြစ်နိုင်ပါသည်။ မြန်မာနိုင်ငံ၏ မြောက်ပိုင်းတွင် တည်ရှိသော ကချင်ပြည်နယ်တွင် ဈေးပေါပြီး ထိရောက်မှုအားပြင်းသော ဘိန်းဖြူကို လွယ်ကူစွာရရှိနေခြင်းက အထူးသဖြင့် အလုပ်လက်မဲ့လူငယ်များနှင့် ရွှေ့ပြောင်းအလုပ်သမားများကို ဆေးစွဲသူများဖြစ်အောင် တွန်းအားပေးပါသည်။ ဘိန်းဖြူထိုးသည့် ဆေးထိုးအပ်ကို ဝေမျှသုံးစွဲခြင်းကြောင့် HIV နှင့် အသည်းရောင် အသားဝါ ကူးစက်မှုနှုန်းကို လွန်စွာမြင့်တက်စေပါသည်။ ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော HIV ပျံ့ပွားမှုက ဆိုးဝါးလျက်ရှိပြီး၊ အနီးအနားရှိ မြန်မာနိုင်ငံတွင်း ပြည်နယ်များသို့ ကူးစက်လျက်ရှိပါသည်။ ကချင်ပြည် နယ်ကို ခြိမ်းခြောက်နေသော ပြဿနာနှင့် အကြောင်းကိစ္စရပ်များသည် ရှုပ်ထွေးပြီး အချင်းချင်း ဆက်စပ် နေပါသည်။ ထိုပြဿနာရပ် များကို ဖြေရှင်းရန် ပူးပေါင်းချဉ်းကပ်မှု လိုအပ်ချက်ကို ကချင်ပြည်နယ်၏ သဘာဝသယံဇာတ ရင်းမြစ်များ၊ ကချင်ပြည်နယ်အစိုးရ၊ ဒေသစီးပွားရေးနှင့် ဒေသခံပြည်သူများသည် အဘယ်မျှ အချင်းချင်း ဆက်နွယ်ပြီး သီးခြားလွတ်လပ်မှုရှိသနည်း ဆိုသည့်အချက်များက မီးမောင်းထိုးပြနေ ပါသည်။ AIDS ကဲ့သို့သော ရောဂါများ၊ ညံ့ဖျင်းသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုစနစ်ကြောင့် ဖြစ်ပေါ်လာသော လူမှုရေးနှင့် စီးပွားရေး ဘေးဒုက္ခကျရောက်မှုများ၊ သဘာဝသယံဇာတရင်းမြစ်များ အပေါ် ပိုင်ဆိုင်မှုဆိုင်ရာ ပဋိပက္ခဖြစ်မှုများနှင့် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်ကျဆင်းလာမှု စသည်တို့မှာ အနည်းငယ်သော ဥပမာများမျှသာ ဖြစ်ပါသည်။ အခွင့်အလမ်းတစ်ရပ်မှာ ရရှိနိုင်သော နည်းပညာများနှင့် သယံ ဇာတရင်းမြစ်များကို ထိုးထွင်းတီထွင်ပြီး တာဝန်ယူမှုရှိသော နည်းလမ်းဖြင့် သုံးစွဲလာအောင် အုပ်ချုပ်မှုပုံစံကို တိုးတက်စေပြီး၊ လူထုဗဟိုပြု အဖွဲ့အစည်းများကို အားကောင်းစေအောင် ပြုလုပ်ပေးခြင်း ဖြစ်ပါသည်။ ထိုအခါ ကချင်ပြည်နယ် ပြည်နယ်သူ/ပြည်နယ်သားများသည် လက်ရှိလိုအပ်ချက်များကို အနာဂတ်မျိုးဆက်များ၏ စွမ်းရည်ကို မထိခိုက်စေဘဲ ရရှိနိုင်မည်ဖြစ်ပါသည်။ ကြာရှည်တည်မြဲသော ပြောင်းလဲမှုသည် တစ်ဦးချင်း၊ မိသားစုများ၊ အစုအဖွဲ့များ၊ ဒေသခံလူထုအသိုင်းအဝိုင်းများနှင့်အဖွဲ့အစည်းများ စသည့် မြောက်များလှသော လူ့အဖွဲ့အစည်းတစ်ရပ်လုံး ရေရှည်တည်တံ့သော အဖြေရလဒ်ကို အကောင်အထည်ဖော်ရန် လွတ်လပ်စွာ အရေးယူဆောင်ရွက်နိုင်မှု အပေါ်တွင် မူတည်ပါသည်။

ဒေသခံ အရေးယူဆောင်ရွက်မှုနှင့် မူးယစ်ဆေးဝါးနှင့် HIV ပျံ့ပွားမှုကို ဖြေရှင်းနိုင်ရေး အတွက် ကူညီ ညှိနှိုင်းပေးနိုင်ရန် USAID/Burma ၏ ဒေသခံလုပ်ငန်းရပ်များ စီမံကိန်း (Local Works Program) နှင့် ကချင်အခြေပြုဦးဆောင်ကော်မတီတို့က မေလ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာ သက်ဆိုင်သူ ပေါင်းစုံ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို စီစဉ်ခဲ့ပါသည်။ လူပေါင်း ၁၀၀ ကျော် ပါဝင်တက်ရောက်ကြပြီး အတိတ်မှ ကိစ္စများကို ပြန်လည်ဆင်ခြင်သုံးသပ်ခြင်း၊ အသေးစိတ်စီစဉ်ခြင်း၊

**ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါး အလွဲသုံးမှုကို အကျိုးသက်ရောက်မှု ရှိသော လက်ရှိဦးတည်ရာ အလားအလာများကို ဦးစားပေးသုံးသပ်ခြင်း၊ မိမိဆန္ဒရှိသော အနာဂတ်ကို ပုံဖော်ခြင်း၊ အများသဘောတူမည့် အခြေအနေတစ်ရပ်ကို ရှာဖွေခြင်းနှင့် အတူတကွ ဆောင်ရွက်နိုင်ကြမည့် များပြားလှသော လက်တွေ့ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ချမှတ်ခြင်း တို့ကို အဆိုပါ သုံးရက်အတွင်း ဆောင်ရွက်ကြပါသည်။ မိမိကိုယ်တိုင် ဆောင်ရွက်သော လျှော့ချခြင်းနှင့် ပြန်လည်ထူထောင်ပြီး မူးယစ်ကင်းသောဘဝကို ရရှိရန် လုပ်ငန်းစဉ်မှတဆင့် တက်ရောက်သူများက တန်ဖိုးထားမှု စံသတ်မှတ်ချက်နှင့် မူဝါဒဖော်ပြချက်များ သုံးခုနှင့် လက်တွေ့လုပ်ဆောင်ရန် ရည်မှန်းချက်ဆိုင်ရာ ဖော်ပြချက်သုံးခုကို ရေးဆွဲခဲ့သည်။ (နောက်ဆက်တွဲ WSR အစီရင်ခံစာကို ကြည့်ပါရန်)**

<u>အခန်း(၂)။ ။ ရည်မှန်းချက်များ</u>

USAID သည် ၄င်း၏မိတ်ဆွေနိုင်ငံများကို ကိုယ့်အားကိုယ်ကိုးနိုင်ရေး ကူညီရန်နှင့် အမေရိကန်အခွန်ထမ်းပြည်သူများ၏ ငွေသည် ရေရှည်တည်တန့်သော ကာလရှည်ကြာ ဖွံ့ဖြိုးမှုကို ဖြစ်စေရန် ကတိကဝတ်ပြုပါသည်။ ဤရည်မှန်းချက်များ အောင်မြင်ရေး၏ အဓိကသော့ချက်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ဒေသခံတို့၏ တာဝန်ယူလိုမှုဖြစ်ပါသည်။ ဤရလဒ်ကို ဖြစ်စေရေး ပံ့ပိုးပေးရန် USAID/Burma သည် ကချင်ပြည်နယ်တွင် မူးယစ်ဆေးစွဲပြဿနာ၏ အရင်းခံ အကြောင်းအရာများကို ဖြေရှင်းရန် ဒေသခံအဖွဲ့အစည်း သို့မဟုတ် အဖွဲ့တစ်ခုမက ပူးပေါင်းထား သည့်အဖွဲ့အစည်းတစ်ခုကို ပံ့ပိုးပေးလိုပါသည်။ အဖွဲ့တစ်ခုမက ပူးပေါင်းထားသည့် အဖွဲ့အစည်းတစ်ခုက လျှောက်ထားမည်ဆိုလျှင် ထိုပူးပေါင်းအဖွဲ့၏ ဦးဆောင်အဖွဲ့ကို သေချာစွာ ဖော်ပြပေးစေလိုပါသည်။

USAID/Burma က လျှောက်ထားလိုသော စိတ်ဝင်စားပြီး အရည်အချင်းပြည့်မှီသည့် အဖွဲ့အစည်း (သို့မဟုတ်) အဖွဲ့အစည်းများအားလုံးကို အောက်ဖော်ပြပါ ရည်မှန်းချက်တစ်ခု သို့မဟုတ် တစ်ခုမကကို တိုင်းတာရရှိနိုင်သော တိုးတက်မှုရရှိရန် အဘယ်သို့ ပြုလုပ်မည်ကို သေချာစွာ ဖော်ပြထားသော လုပ်ငန်း အဆိုပြုလွှာ အကျဉ်းချုပ်ကို တင်သွင်းစေလိုပါသည်။

၁။ ပိုမိုကောင်းမွန်သော အထောက်အပံ့ဝန်ဆောင်မှုများနှင့် သက်မွေးပညာသင်တန်းကျောင်းများ ရရှိစေခြင်းဖြင့် မူးယစ်ဆေးစွဲသူများကို ပြန်လည်ထူထောင်ရေး အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်

၂။ မူးယစ်ဆေးမသုံးစွဲသူများအကြားတွင် ကျန်းမာရေးနှင့် ညီညွတ်သော အနေအထိုင် အပြုအမူများ ဖြစ်စေရေး မြှင့်တင်ဆောင်ရွက်ပေးခြင်းအားဖြင့် ၄င်းတို့သည် မူးယစ်ဆေး စတင်သုံးစွဲမှုဖြစ်နိုင်ခြေ လျော့နည်းလာစေရန်။

၃။ မူးယစ်ဆေးစွဲသူအားလုံးကို နှိမ့်ချခွဲခြားဆက်ဆံမှုမရှိဘဲ ကျန်းမာရေးဝန်ဆောင်မှု ရရှိနိုင်ရေး မြှင့်တင်ဆောင်ရွက်ရန်

အဆိုပြုမည့် လုပ်ငန်းများအားလုံးသည် မြန်မာနိုင်ငံရှိ ကချင်ပြည်အတွင်းတွင် ဆောင်ရွက်ရပါမည်။ USAID/Burma က ဆန်းသစ်သော ယူဆချက်များနှင့် ပူးပေါင်းဆောင်ရွက်ကြသော ချဉ်းကပ်မှုကို အားပေး တိုက်တွန်းပါသည်။

အောက်ဖော်ပြပါ ရည်မှန်းချက်တစ်ခုစီအတွက် လုပ်ဆောင်နိုင်မည့် လုပ်ငန်းအမျိုးအစားများသည် နမူနာဖြစ်ပြီး ပြည့်စုံသည်တော့ မဟုတ်ပါ။ ယခုနောက်ဆက်တွဲ ကြေငြာချက်က မျှော်မှန်းထားသည့် လုပ်ငန်းပုံစံ အမျိုးအစားများကို လျှောက်ထားသူများ အကြံဉာဏ်ပိုမိုရရှိနိုင်ရန် ရည်ရွယ်၍ ဖော်ပြခြင်းဖြစ် ပါသည်။

ပိုမိုကောင်းမွန်သော အထောက်အပံ့ဝန်ဆောင်မှုများနှင့် သက်မွေးပညာသင်တန်းကျောင်းများ ရရှိစေခြင်းဖြင့် မူးယစ်ဆေးစွဲသူများကို ပြန်လည်ထူထောင်ရေး အောင်မြင်စွာဆောင်ရွက်နိုင်ရန်

**(က) မူးယစ်ဆေးစွဲ ကုသရေးဌာနများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများကို မူးယစ်ဆေးသုံးစွဲသူများအတွက် ဖွင့်လှစ်ပေးခြင်း။**

- စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စက်မှုလက်မှုအတတ်ပညာ၊ လက်သမားနှင့် ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ သက်မွေးသင်တန်းများအပြင် ရပ်ရွာအတွင်း ပြန်လည်ပေါင်းစည်းနေထိုင်နိုင်ရေးဆိုင်ရာ သင်တန်းများပို့ချခြင်း။
- ဆေးဖြတ်ပြီးသော မူးယစ်ဆေးသုံးစွဲခဲ့သူများ အလုပ်ပြန်ရရေးအတွက် အလားအလာရှိသော အလုပ်ရှင်များနှင့် ဆက်စပ်လုပ်ကိုင်ကာ အလုပ်သမား ဈေးကွက် ထူထောင်ခြင်း။
- ပြန်လည်ထူထောင်ခြင်းမှ အလုပ်အကိုင်ရရှိရေးသို့ ကူးပြောင်းနေဆဲ ကြားကာလ ပုဂ္ဂိုလ်များကို ကျန်းမာရေးဝန်ဆောင်မှုပေးခြင်း။

**(ခ) မူးယစ်ဆေးမသုံးစွဲသူများ အကြားတွင် ကျန်းမာရေးနှင့် ညီညွတ်သော အနေအထိုင် အပြုအမူများ ဖြစ်စေရေး မြှင့်တင်ဆောင်ရွက်ပေးခြင်းအားဖြင့် ၄င်းတို့သည် မူးယစ်ဆေး စတင် သုံးစွဲမှုဖြစ်နိုင်ခြေ လျော့နည်းလာစေရန်။**

- လူထုဆက်သွယ်ရေး မီဒီယာနည်းလမ်းများ အသုံးပြု စည်းရုံးလှုံ့ဆော်ပြီး ကျန်းမာ စွာ နေထိုင် တတ်ရေး မြှင့်တင်ရန်။
- မူးယစ်ဆေးစွဲ အန္တရာယ်နှင့် ရင်ဆိုင်ရနိုင်ဖွယ်ရှိသော လူငယ်များကို ကျန်းမာသော၊ တတ်ကြွသော အပြုအမူများ ပြုမူစေရေး တွန်းအားပေးသည့် လုပ်ငန်းများ မြှင့်တင်ရန်။
- အစိုးရနှင့် အခြားအာဏာပိုင်များကို မူးယစ်ဆေးဝါး စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဖောက်ကား ရောင်းဝယ်ခြင်းတို့ကို တားဆီးရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်။

- အိမ်နီးနားချင်း၊ ကျေးရွာ၊ မြို့နယ်စသည်ဖြင့် အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပေးပြီး ဘိန်းပပျောက် ရေးဗျူဟာကို ရေးဆွဲချမှတ်ရန်။

(ဂ) မူးယစ်ဆေးစွဲသူအားလုံးကို နှိမ်ချခွဲခြားဆက်ဆံမှုမရှိဘဲ ကျန်းမာရေးဝန်ဆောင်မှု ရရှိရေး မြှင့်တင်ဆောင်ရွက်ရန်။

- ကျန်းမာရေးဝန်ဆောင်မှုအသစ်များ ရရှိစေရေးအတွက် ဆန်းသစ်သော ချဉ်းကပ်မှုများနှင့် မိတ်ဆက်ပေးရန်။
- ကျန်းမာရေး စောင့်ရှောက်မှုပေးသော ဝန်ထမ်းများအားလုံးကို အရည်အသွေးပြည့်ဝသော ကျန်းမာရေး ဝန်ဆောင်မှုပေးနိုင်ရေး အားလုံးအတွက် ပညာပေးရန်။
- မူးယစ်ဆေးသုံးစွဲသော အမျိုးသမီးများအပါအဝင် အားလုံးသော မူးယစ်ဆေးသုံးစွဲသူများအတွက် ကုသရေး၊ ပြန်လည်ထူထောင်ရေး ထောက်ပံ့ရန်။
- မူးယစ်ဆေးသုံးစွဲသူများအကြား အလေ့အထတူ၊ ဘဝတူ (Peer) အချင်းချင်း ပံ့ပိုးကူညီသော စီမံကိန်းများ မြှင့်တင်ရန်။

**ဒေသခံဆောင်ရွက်သူများသည် ယခု နောက်ဆက်တွဲ ကြေငြာချက်အတွက် အပြည့်အဝပုံဖော်ရေးဆွဲထားသော လုပ်ငန်းများကို အဆိုပြုရန် မလိုပါ။ ဒေသခံအခြေအနေမှ ကိစ္စရပ်များကို ဖော်ထုတ်ပြီး ရရှိသည့် အဖြေများအရ ဆောင်ရွက်သည့် ချဉ်းကပ်နည်းကို အကြံပြုသည့် လုပ်ငန်းစဉ်သည် ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ (APS)၏ ရည်ရွယ်ချက်အတိုင်း အပြည့်အဝဖြစ်ရမည်ဆိုသည်ကို မလိုအပ်ဟု ဆိုလိုခြင်း ဖြစ်သည်။**

**အခန်း(၃)။ ။ Concept ကို တင်ပြလျှောက်ထားရန်အတွက် အနည်းဆုံးလိုအပ်ချက်များ**

**လျှောက်ထားသူအတွက် သတ်မှတ်ထားသော ရွေးချယ်သင့်သည့်အရည်အချင်း**

အရည်အချင်း ပြည့်မီသော လျှောက်ထားသူသည် အောက်ပါအချက်များနှင့် ကိုက်ညီရပါမည်။

**၁။ မြန်မာနိုင်ငံရှိ ဒေသခံလူပ်ရှားဆောင်ရွက်သူဖြစ်ရပါမည်။ ယခု APS အတွက် အဖွဲ့အစည်းတစ်ရပ်သည် ဒေသခံ ဆောင်ရွက်လှုပ်ရှားသူ ဟုတ်မဟုတ်ကို USAID က အောက်ပါအချက်အလက်များ ကြည့်ပြီး ဆုံးဖြတ်မည်။**

**(က) မြန်မာနိုင်ငံ၏ ဥပဒေအရ တရားဝင် ဖွဲ့စည်းထားခြင်း ဟုတ်မဟုတ်**

**(ခ) မြန်မာနိုင်ငံတွင် အဓိက လုပ်ငန်းဆောင်ရွက်သောနေရာ ရှိမရှိ**

(ဂ) **မြန်မာနိုင်ငံ၏ တရားဝင်နိုင်ငံသားများက အများစု ပိုင်ဆိုင်ပြီး ထိန်းချုပ် ထားခြင်း ရှိမရှိ**

(ဃ) **မြန်မာနိုင်ငံ၏ တရားဝင်နိုင်ငံသား သို့မဟုတ် ဥပဒေအရ အမြဲတမ်း နေထိုင်ခွင့်ရသော လူအများစုက စီမံအုပ်ချုပ်ခြင်း ဟုတ်မဟုတ်**

(င) **တခြားနိုင်ငံများတွင် စီမံချက်များ၊ ရုံးများ (နှင့်/ သို့မဟုတ်) မှတ်ပုံတင်ထားခြင်း ရှိမရှိအပြင် အဓိက စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံတွင် ရှိသော ရုံးက တာဝန်ယူသလား သို့မဟုတ် တခြားက ပြုလုပ်သလား။**

၂။ **လွန်ခဲ့သော ငါးနှစ်အတွင်း USAID ထံမှ ဒေါ်လာ ၅ မီလီယံထက်ကျော်လွန်ပြီး တိုက်ရိုက် ထောက်ပံ့ငွေ လက်ခံမရရှိခဲ့ပါ။**

၃။ **အမေရိကန်ပြည်ထောင်စု အခြေပြုအဖွဲ့အစည်း မဖြစ်ရပါ။ အမေရိကန်ပြည်ထောင်စု အခြေပြုအဖွဲ့အစည်းများသည် ယခု APS အရ ထောက်ပံ့ငွေ ရယူနိုင်မည့် မူလအဖွဲ့အစည်းအဖြစ် အကျုံးမဝင်ပါ။**

**လေ့လာသင်ယူခြင်းဆိုင်ရာ ဦးစားပေးအချက်အလက်များ**

Concept များတွင် အောက်ဖော်ပြပါ အချက်များအနက် အနည်းဆုံးတစ်ခု ပါဝင်ရပါမည်။

၁။ **စီမံကိန်း၏ ထိရောက်မှုနှင့် ရေရှည်တည်တံ့မှုကို တိုးတက်စေရန် သတင်းအချက် အလက်သည် ဒေသခံဆောင်ရွက်လုပ်ရှားသူ၊ လက်တွဲဆောင်ရွက်သူများနှင့် USAID တို့အကြား ဘက်ပေါင်းစုံမှ စီးဆင်း ပျံ့နှံ့စေရေး သေချာစေသည့် သုံးသပ်ချက် တုန့်ပြန်ချက်ပေးသော လုပ်ငန်းစဉ်**

၂။ မိမိတို့လုပ်ငန်း ဆောင်ရွက်နေသော ရှုပ်ထွေးသည့်ပတ်ဝန်းကျင် အခြေအနေများကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်လာစေနိုင်မည့် **စနစ်နှင့် ကွန်ယက်အခြေပြုပိုင်းခြား စိတ်ဖြာသုံးသပ်ရေး ချဉ်းကပ်မှုများ။**

၃။ ဒေသခံများဦးဆောင်သော ဦးစားပေးအရာများဆုံးဖြတ်ခြင်း၊ ပူးပေါင်းဆောင်ရွက် ရသော လုပ်ငန်းနှင့် အထက်မှချုပ်ကိုင်မှုများလျော့ချပြီး ဒေသခံဦးဆောင်မှုပါဝင် သော အခြားနည်းလမ်းများ ပါဝင်သည့် **အားလုံးပူးပေါင်းပါဝင်သော ဆုံးဖြတ်ချက် ချခြင်း။**

၄။ ဒေသခံတို့၏ လိုအပ်ချက်ကို ဒေသတွင်းရင်းမြစ်များဖြင့် ချိတ်ဆက်ပေးရန် **ဒေသခံ ကွန်ယက်များကို အားကောင်းစေခြင်း။**

၅။ ဒေသခံအောင်မြင်ခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဦးစားပေးသည့် ဒေသခံတာဝန် ယူမှု၊ လုပ်ငန်း ဒီဇိုင်းအတွက် ဦးစားပေးသည့် **ဒေသခံတာဝန်ယူမှု၊ လုပ်ငန်းဒီဇိုင်း**

**အတွက် ချဉ်းကပ်မှုများ၊ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် သင်ယူလေ့လာခြင်း။**

၆။ ရေရှည်တည်တံ့သည့် ရလဒ်များ နိုင်ငံခြားအကူအညီမပါဘဲ ရနိုင်အောင် ဒေသခံ အဖွဲ့အစည်းများနှင့် ဒေသခံဆောင်ရွက်လုပ်ရှားသူများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းပါဝင်သည့် **မဟာဗျူဟာမြောက်အသွင်ကူးပြောင်းရေးကို ထောက်ပံ့ခြင်း။**

## ဒေသခံအရင်းအမြစ်များ

Concept notes (လုပ်ငန်းအဆိုပြုလွှာ အကျဉ်းချုပ်)တွင် လျှောက်ထားမည့်သူက ငွေသော် လည်းကောင်း၊ လူ/ပစ္စည်း စသည်ဖြင့် လည်းကောင်း နှစ်မျိုးစလုံး ပေါင်း၍သော်လည်းကောင်း မည်သို့သော ရင်းမြစ်များကို ပံ့ပိုးထည့်ဝင်မည်ဆိုသည်ကို ဖော်ပြရမည်။ လူ/ပစ္စည်းဆိုသည်မှာ ဝန်ဆောင်မှုများ၊ ရုံးအဆောက်အအုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ ကုန်ပစ္စည်းများ၊ အဆိုပြုသော concept notes ၏ လုပ်ငန်းအတွက် မိမိဝန်ထမ်းက အချိန်ခွဲဝေပေးနိုင်မှုနှင့် ဉာဏ်ပညာသုံးပြီး တီထွင်ထားသော ဉာဏဆိုင်ရာပစ္စည်း (Intellectual property) စသည်တို့ကို ဆိုလိုပါသည်။ ပမာဏမည်မျှ သို့မဟုတ် ရာခိုင်နှုန်းမည်မျှထည့်ဝင်ရမည်ဟု မသတ်မှတ်ထားပါ။ သို့သော် ယေဘူယျ ဆိုလိုချင်သည်မှာ လျှောက်ထားသူသည် concept note တွင် ဖော်ပြထားသော လုပ်ငန်းများ ဆောင်ရွက်ရန် ၎င်း၏ ကိုယ်ပိုင်ရင်းမြစ်များကို ပံ့ပိုးထည့်ဝင်လိုသောဆန္ဒရှိကြောင်းနှင့် တောင်းခံသော ထောက်ပံ့ငွေပမာဏကို ၎င်းအဖွဲ့အစည်းက သေချာစွာ စီမံခန့်ခွဲနိုင်ကြောင်း ပြသသင့်ပါသည်။

## ကိုယ့်အားကိုယ်ကိုးနိုင်ရေးအတွက် ထောက်ပံ့ငွေပမာဏကို စဉ်းစားသုံးသပ်ခြင်း

Concept ကို တင်ပြလျှောက်ထားခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် လျှောက်ထားသူများသည် မိမိအဖွဲ့၏ရင်းမြစ်များ၊ ဆက်လက်ဖွံ့ဖြိုးကြီးထွားအောင် ဆောင်ရွက်နိုင်စွမ်း စသည်တို့နှင့် လိုက်လျော ညီထွေသော ထောက်ပံ့ငွေကို တောင်းခံရပါမည်။ ဤသို့ လိုက်လျောညီထွေကြောင်း ကိုလည်း အကျိုးအကြောင်း ရှင်းလင်းတင်ပြရပါမည်။ ဒေသခံ အဖွဲ့အစည်းတစ်ရပ်ကို ယာယီအား ဖြင့် အထောက်အပံ့များ ပုံအော ပေးလိုက်သောကြောင့် ထိုအဖွဲ့သည် သဘာဝမကျစွာ အလွန်အမင်း ကြီးထွားသွားပြီး ထောက်ပံ့မှု ပြီးဆုံးသွားသောအခါ ရေရှည်ဆက်လက်ရပ်တည် မဆောင်ရွက်တော့ သည့် အဖြစ်အပျက်ကို USAID က မလိုလားပါ။

ထို့အပြင် USAID/Burmese အတွက် သီးခြားသတ်မှတ်ထားသော အောက်ပါအချက်များကို လည်း ထည့်သွင်းစဉ်းစားမည်။

- လျှောက်ထားသူ၏ ချဉ်းကပ်မှုတွင် အမျိုးအစား စုံလင်သော လုပ်ငန်းတူတကွ ပါဝင် လုပ်ဆောင်သော Stakeholders များ ပါဝင်မှုအတိုင်းအတာ (ဥပမာ- အစိုးရမဟုတ် သော

အဖွဲ့အစည်းများ (NGO)၊ လူထုအခြေပြုအဖွဲ့အစည်းများ (CSO)၊ ပုဂ္ဂလိကကဏ္ဍမှ လုပ်ရှားဆောင်ရွက်သူများ (သို့မဟုတ်) ဘာသာရေးအခြေပြုအဖွဲ့အစည်းများ (FBO)

- လျှောက်ထားသူက လုပ်ရိုးလုပ်စဉ်နှင့်မတူ ကွဲပြားထူးခြားသော ချဉ်းကပ်မှု (သို့မဟုတ်) ယခင် ဆောင်ရွက်ခဲ့ဖူးသော ချဉ်းကပ်မှုများအပေါ် မူတည်ပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြနိုင်မှု အတိုင်းအတာ

**<u>အခန်း(၄)။ ။ ပြင်ပမှ သုံးသပ်အကဲဖြတ်စစ်ဆေးခြင်း ဆိုင်ရာ စံသတ်မှတ်ချက်များ</u>**

အနည်းဆုံး လိုအပ်ချက်များနှင့် ကိုက်ညီသည့် concept များကို အောက်ဖော်ပြပါ စံသတ်မှတ်ချက်များအပေါ် အခြေခံပြီး သုံးသပ် အကဲဖြတ်ပါမည်။

**ပြင်ပမှ သုံးသပ်အကဲဖြတ်စစ်ဆေးခြင်း ဆိုင်ရာ စံသတ်မှတ်ချက်များ**

**(က) ဒေသခံက တာဝန်ယူမှု၊ ဦးဆောင်မှုနှင့် ဒေသခံ ဦးစားပေးမှုများ**

လျှောက်ထားသော အဖွဲ့အစည်းသည် မိမိဒေသ၏ အခြေအနေကို ကောင်းစွာ နားလည်သဘောပေါက်ပြီး ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ/တာဝန်ခံမှုနှင့် မိမိက လုပ်ငန်းဆောင်ရွက်ပေးမည့် လူထုအပေါ် စိတ်ပါဝင်စားပြီး လိုလိုလားလားရှိရမည်။ အဆိုပြုသော ချဉ်းကပ်မှုသည် လုပ်ငန်း စတင်မဆောင်ရွက်မည် ဒေသခံ ဦးစားပေးမှုများကို သေချာစွာ တုန့်ပြန်ဆောင်ရွက်သင့်သည်။ သို့မဟုတ် ဒေသခံ ဦးစားပေးမှုများကို ဆုံးဖြတ်ရန် နည်းလမ်းကို ဖော်ပြသင့်သည်။ အဆိုပြုသော ချဉ်းကပ်မှုနှင့် အဆိုပြုသောလုပ်ငန်းတွင် ပါဝင်သော အဖွဲ့များ၊ ပုဂ္ဂိုလ်များ ၎င်းတို့၏ ရင်းမြစ်ကို ဝေမျှသုံးစွဲဆောင်ရွက်ခြင်းများ (teaming arrangement) သည် ဒေသခံ ဆောင်ရွက်သူများအတွက် ဖွံ့ဖြိုးမှုဆိုင်ရာ ဦးစားပေးအချက်များ၏ တည်ရာကို ထိရောက်စွာ ရွှေ့ပြောင်းသင့်သည်။

**(ခ) ဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးသက်ရောက်မှု**

အဆိုပြုသော ချဉ်းကပ်မှုသည် OU က ထုတ်ပြန်သော နောက်ဆက်တွဲ ကြေငြာချက်တွင် ဖော်ပြထားသည့် ရည်ရွယ်ဦးတည်ချက်များနှင့် ချိန်ညှိနိုင်ရမည် ဖြစ်သည်။ ထို့အပြင် အဆိုပါ ချဉ်းကပ်မှုသည် မျှော်မှန်းထားသော ရလဒ်များနှင့် အကျိုးသက်ရောက်မှုများသို့ ဦးတည်သည့် ''ပြောင်းလဲခြင်းဆိုင်ရာ အယူအဆသဘောတရား'' (Theory of change) ကို ရှင်းလင်းစွာ ဖော်ပြနိုင်ရမည်။ အဆိုပြုသော ချဉ်းကပ်မှုသည် USAID ၏ ''ဂျင်န်ဒါတန်းတူညီမျှရေးနှင့် အမျိုးသမီးတို့၏ လုပ်ပိုင်ခွင့် စွမ်းရည် မြှင့်တင်ရေးမူဝါဒ''အရ စီမံကိန်းပုံစံ ရေးဆွဲမှု၊ အကောင်အထည်ဖော်မှုနှင့် ဝန်ထမ်းခန့်ထားမှုတို့တွင် ဂျင်န်ဒါတန်းတူညီမျှရေးနှင့် အမျိုးသမီးတို့၏ လုပ်ပိုင်ခွင့်စွမ်းရည် မြှင့်တင်ရေးကို ထည့်သွင်းစဉ်းစားသင့်သည်။

**(ဂ) လေ့လာသင်ယူခြင်း**

E3/LS သည် USAID အတွက် ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးမှု၊ ဒေသခံလုပ်ဖော်ကိုင်ဖက်များနှင့် ဖွံ့ဖြိုးရေးကို လုပ်ဆောင်သည့် ရပ်ရွာလူ့အဖွဲ့အစည်းတို့၏ ဆောင်ရွက်လုပ်ကိုင်ပုံများ တိုးတက်လာစေရန် ''လေ့လာသင်ယူခြင်း''ကို ဖြစ်မြောက်စေရန်နှင့် ဝေမျှရန် များစွာ ကတိကဝတ်ပြုပါသည်။ လျှောက်ထားသော အဖွဲ့အစည်းသည် အဆိုပြုသော ''လေ့လာသင်ယူခြင်းဆိုင်ရာ ဦးစားပေးအချက်အလက် သို့မဟုတ် အချက်အလက်များ''ကို နားလည်ကြောင်းပြသပြီး၊ အဆိုပါ အချက်အလက် သို့မဟုတ် အချက်အလက်များနှင့် ဆက်စပ်နေသော လေ့လာသင်ယူခြင်းကို အသုံးချခြင်းသည် ၎င်းတို့ ချဉ်းကပ်မှု၏ အလုံးစုံသော ရည်မှန်းချက်များကို မည်သို့ အထောက်အကူဖြစ်စေကြောင်း ပြသင့်သည်။

လျှောက်ထားသောအဖွဲ့အစည်းသည် ၎င်းတို့ အဆိုပြုသော ချဉ်းကပ်မှုကို ဆောင်ရွက်ရာတွင် အမှန်တကယ် ဖြစ်ပေါ်မှုများ ပြောင်းသွားခြင်းကို တုန့်ပြန်ရန်ပြုလွယ် ပြောင်းလွယ်ရှိခြင်း၊ လေ့လာသင်ယူခြင်းနှင့် လိုက်လျောညီထွေပြုပြင်နိုင်သော စီမံခန့်ခွဲမှုအတွက် ကတိကဝတ်ကို ပြသသည်။

**(ဃ) ဒေသခံစနစ်များကို ခိုင်မာအားကောင်းစေခြင်း**

USAID ၏ ယခုအလုပ်အတွက် ရင်းနှီးမြှုပ်နှံမှုသည် ဒေသခံရင်းမြစ်များကို ခိုင်မာအားကောင်းစေရေးနှင့် တိုင်းပြည်၏ ကိုယ့်အားကိုယ်ကိုးနိုင်မှု ပိုမို ကျယ်ပြန့်လာစေရေးကို မျှော်လင့်သည်။ ထိုချဉ်းကပ်မှုသည်ပင်လျှင် တိုင်းပြည်တွင်း (သို့မဟုတ်) ဒေသတစ်ခုအတွင်း ဖွံ့ဖြိုးမှုရလဒ်ကို အချိန်နှင့်အမျှ တည်တံ့စေမည့် ဒေသခံစနစ်တစ်ခုကို အားဖြည့်သည်။ ရလဒ်များနှင့် အကျိုးသက်ရောက်မှုများအပြင် အခြား မည်သည့် ဆောင်ရွက်မှုမျိုးမဆို USAID ၏ ထောက်ပံ့မှုကာလပြီးဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စများသည် USAID ၏ ရန်ပုံငွေ ဆက်လက်ထောက်ပံ့မှုမရှိဘဲ သို့မဟုတ် ပါဝင်ပတ်သက်မှုမရှိဘဲ ရေရှည်ဆက်လက်တည်တံ့နိုင်ရမည်။

အဆိုပြုလာသော concept များသည် ''USAID's Automated Directives System'' ၊ ''Foreign Assistance Act of 1961'' တို့တွင် ဖော်ပြထားသည့် USAID ၏ ဥပဒေနှင့် မူဝါဒဆိုင်ရာ ကန့်သတ်ချက်များနှင့် ညီညွတ်ရပါမည်။

USAID မဟုတ်သော အခြားပြင်ပ အဖွဲ့အစည်းတစ်ရပ်ရပ်က စစ်ဆေးအကဲဖြတ်ခြင်းသည် ပဓာနကျသော်လည်း ငွေကြေးကုန်ကျစရိတ်ကိုပါ ထောက်ပံ့ငွေပေးအပ်ခြင်းတွင် အချက်တစ်ရပ်အဖြစ် စဉ်းစားမည်။ အမေရိကန်အစိုးရသည် တင်ပြတောင်းခံသည့် ငွေပမာဏ အနည်းဆုံးဖြစ်သော လျှောက်ထားသူ သို့မဟုတ် ထိုသို့ ပြင်ပမှ စစ်ဆေးခြင်း လုပ်ငန်းစဉ်တွင် သုံးသပ်ချက် ရလဒ် အကောင်းဆုံးဖြစ်သူကိုသာ အဓိကထား စဉ်းစားပြီး ထောက်ပံ့မှုပေးရန် တာဝန်မရှိပါ။

## အခန်း(၅)။ ။ Concept ပုံစံနှင့် တင်ပြလျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

Concept များကို USAID/Burma ထံသို့ အီးမေးလ်လိပ်စာ burmaoaa@usaid.gov မှတဆင့် ပေးပို့ရပါမည်။ concept များကို ဇန်နဝါရီလ ၃၁ ရက်၊ ၂၀၂၀ နောက်ဆုံးထားပြီး ပေးပို့ပါ။

Concept များကို concept paper (လုပ်ငန်းအဆိုပြုလွှာ)အဖြစ် ပြင်ဆင် လျှောက်ထား တင်ပြရမည်။ ၎င်းသည် စုစုပေါင်း ၅ မျက်နှာထက် မပိုရပါ။

Concept များကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ၊ ဂျင်းဖောဘာသာ စသည်တို့ကို အသုံးပြု တင်ပြနိုင်ပါသည်။

Concept များကို တင်ပြလျှောက်ထားရာတွင် လျှောက်ထားသူများက အောက်ပါအချက် အလက်များကို ပေးရပါမည်။

**(က) သတင်းအချက်အလက်အကျဉ်းချုပ်**

(က) လျှောက်ထားသောအဖွဲ့အစည်း၏ အမည်နှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်၊ နေရပ်လိပ်စာနှင့် အီးမေးလ်လိပ်စာ

(ခ) အဖွဲ့အစည်း၏ ပုံစံနှင့် တရားဝင်မှတ်ပုံတင်ထားသည့်နိုင်ငံ

(ဂ) လျှောက်ထားသော အဖွဲ့အစည်းသည် လွန်ခဲ့သော ၅ နှစ်အတွင်း USAID ထံမှ အမေရိကန်ဒေါ်လာ ၅ သန်းထက်ပို၍ မရဖူးကြောင်း တရားဝင်ဖော်ပြ ချက်

(ဃ) အဆိုပြုသော လုပ်ငန်း၏ ခေါင်းစဉ်

(င) အဆိုပြုသောလုပ်ငန်း၏ တည်နေရာ

(စ) လုပ်ငန်းအဆိုပြုချက်တစ်ခုအပေါ်တွင် ပူးတွဲဆောင်ရွက်မည့် အဖွဲ့အစည်း များ၏ အမည်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ၊ အီးမေးလ်လိပ်စာ နှင့် တရားဝင် မှတ်ပုံတင်ထားသည့် နိုင်ငံ (အကယ်၍ ဤသို့ ပူးတွဲ ဆောင်ရွက်မည့်အဖွဲ့ရှိခဲ့လျှင်)

(ဆ) လျှောက်ထားသော အဖွဲ့အစည်းက လျှောက်လွှာတင်လိုက်သည့် USAID OU ၏ အမည်

(ဇ) လုပ်ငန်း၏ အလုံးစုံရည်မှန်းချက် (စာကြောင်းရေ တစ်ကြောင်းမှ နှစ်ကြောင်းခန့် ရေးပါ။

(ဈ) အဆိုပြုသော လုပ်ငန်းတွင် ပါဝင်သည့် ‘‘လေ့လာသင်ယူခြင်းဆိုင်ရာ ဦးစားပေး အချက်အလက်များ’’ကို အကျဉ်းချုပ်ဖော်ပြချက် (စာကြောင်းရေ တစ်ကြောင်းမှ နှစ်ကြောင်းခန့် ရေးပါ။)

(ည) အဆိုပြုသောလုပ်ငန်းတွင် ပါဝင်သည့် ဒေသခံရင်းမြစ်များကို ချဉ်းကပ်ခြင်း ဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက် (စာကြောင်းရေ တစ်ကြောင်းမှ နှစ်ကြောင်း ခန့် ရေးပါ။)

(ဍ) USAID ထံမှ တောင်းခံသည့် ထောက်ပံ့ငွေ $ ___________

(ဎ) တင်ပြတောင်းခံသော ငွေပမာဏသည် အဖွဲ့အစည်း၏ လက်ရှိ ရင်းမြစ်များနှင့် ပိုမိုကြီးထွားလာနိုင်မည့် စွမ်းရည်ကို မည်သို့ ကျိုးကြောင်းဆီလျော်စွာ ထင်ဟပ်မည်နည်းဆိုသည်ကို ရှင်းလင်းချက်

**(ခ) စာဖြင့်အသေးစိတ် ရေးသားပုံဖော်ခြင်း (Narrative Description)**

အောင်မြင်သော narrative description များတွင် အောက်ဖော်ပြပါ အချက်အလက်များကို ဆွေးနွေးချက် ပါဝင်မည် ဖြစ်သည်။ အချက်အလက်တစ်ခုစီသည် ပြင်ပမှ သုံးသပ်အကဲဖြတ်စစ်ဆေးခြင်းဆိုင်ရာ စံသတ်မှတ်ချက်တစ်ခုစီနှင့် ချိန်ညှိကိုက်ညီမှုရှိသည်ဆိုသည်ကို မှတ်သားထားစေလိုပါသည်။

**ဒေသခံက တာဝန်ယူမှု၊ ဦးဆောင်မှုနှင့် ဒေသခံ၏ ဦးစားပေးမှုများနှင့် ဆီလျော်မှု**

- Concept က ဖြေရှင်းမည့် ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် စိန်ခေါ်မှုက အဘယ်နည်း။
- ဒေသခံပြည်သူများက စိန်ခေါ်မှုကို မည်သို့ ကြုံတွေ့ရသနည်း?
- အဆိုပြုသော ချဉ်းကပ်မှုက အဘယ်နည်း?
- ဒေသခံ လုပ်ငန်းဆောင်ရွက်လှုပ်ရှားသူများက ဦးစားပေးလုပ်ဆောင်ရမည့် အရာများ ချမှတ်ခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်း ကိစ္စရပ်များတွင် မည်သို့ ဦးဆောင်မည်နည်း?
- ချဉ်းကပ်မှုအတွက် မည်သည့်လုပ်ငန်းလက်တွဲဆောင်ဖော်မဆိုမဆိုက မည်သို့ပါဝင်မည်နည်း?

ဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးသက်ရောက်မှု

- ချဉ်းကပ်မှုသည် နောက်ဆက်တွဲကြေငြာချက်၏ ရည်မှန်းချက်များနှင့် မည်သို့ ချိန်ညှိကိုက်ညီမှုရှိသနည်း?
- ''Theory of change'' ဆိုသည်မှာ အဘယ်နည်း?
- ချဉ်းကပ်မှုက ဂျင်န်ဒါတန်းတူညီမျှရေးနှင့် အမျိုးသမီးတို့၏ လုပ်ပိုင်ခွင့်စွမ်းရည်မြှင့်တင်ရေးကို မည်သို့ ထည့်သွင်းစဉ်းစားမည်နည်း?

**လေ့လာသင်ယူခြင်း**

- ချဉ်းကပ်မှုသည် ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်ရွက်လုပ်ကိုင်ပုံများ တိုးတက်လာရေးအတွက် အတိအကျသတ်မှတ်ထားသော လေ့လာသင်ယူခြင်းကို ဖြစ်မြောက်စေရန်နှင့် ဝေမျှရန် မည်သို့ ပြုလုပ်မည်နည်း?

- လေ့လာသင်ယူခြင်းဆိုင်ရာ ဦးစားပေးမှု (သို့မဟုတ်) ဦးစားပေးမှုများက အဘယ်နည်း?
- ဦးစားပေးမှု သို့မဟုတ် ဦးစားပေးမှုများကို အာရုံစိုက်ခြင်းက ချဉ်းကပ်မှု၏ အလုံးစုံသော ရည်မှန်းချက် ပန်းတိုင်များကို မည်သို့ တိုးတက်စေမည်နည်း?
- ဒေသခံအခြေအနေတွင် အမှန်တကယ် ဖြစ်ပေါ်မှုများ ပြောင်းသွားသည့်အခါ ချဉ်းကပ်မှုက လိုက်လျောညီထွေရှိအောင် မည်သို့ ဆောင်ရွက်မည်နည်း?

**ဒေသခံစနစ်များကို ခိုင်မာအားကောင်းစေခြင်း**

- ချဉ်းကပ်မှုက ဒေသခံရင်းမြစ်များကို ပိုမိုအားကောင်းလာစေရေးနှင့် တိုင်းပြည်၏ ကိုယ့်အားကိုယ်ကိုးနိုင်မှု ပိုမိုမြင့်မားလာစေရေးကို မည်သို့ အကျိုးပြုမည်နည်း?
- ချဉ်းကပ်မှုက ဖွံ့ဖြိုးမှုရလဒ်ကို အချိန်နှင့်အမျှ တည်တံ့စေရန် တိုင်းပြည်တွင်း (သို့မဟုတ်) ဒေသတစ်ခုအတွင်းရှိ ဒေသခံစနစ်တစ်ခုကို မည်သို့ အားဖြည့်ပေးမည်နည်း?
- USAID ၏ ထောက်ပံ့မှုပြီးဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့် ရလဒ်များ၊ အကျိုးသက်ရောက်မှုများအပြင် မည်သည့်လုပ်ငန်းဆောင်ရွက်မှုမျိုးမဆိုသည် USAID ၏ ရန်ပုံငွေ ဆက်လက်ထောက်ပံ့မှု မရှိဘဲ (သို့မဟုတ်) ပါဝင်ပတ်သက်မှု မရှိဘဲ မည်သို့ ရေရှည်ဆက်လက်တည်တံ့နိုင်မည်နည်း?

## <u>အခန်း(၆)။ ။ Concept ကို သုံးသပ်ခြင်းနှင့် အတူကွ လက်တွဲပူးပေါင်း ဖန်တီးဆောင်ရွက်ခြင်း (Co-creation)</u>

USAID/ Burma သည် သုံးသပ်ခြင်းနှင့် နောက်ဆက်တွဲ ကြေငြာချက်အရ ထုတ်ပေးသော မည်သည့်ငွေကြေးထောက်ပံ့ခြင်းမဆိုအတွက် တာဝန်ရှိသည်။

USAID/ Burma သည် Concept note ကို လက်ခံရရှိကြောင်း ၎င်းကို လျှောက်ထားပြီး တစ်ပတ်အတွင်း အတည်ပြု အကြောင်းပြန်မည်။

သုံးသပ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အရ ရလဒ် အကောင်းဆုံးရရှိသူကို USAID/Burma ၏ Agreement Officer (AO) က USAID/ Burma ထံ နှုတ်ဖြင့် ရှင်းလင်းတင်ပြရန် (oral presentation ပြုလုပ်ရန်) ဆက်သွယ်မည်။ ၎င်း presentataion တွင် concept note ၌ ပါဝင်သော အချက်အလက်များအပြင် အကြောင်းကြားစာ (letter of notification)တွင် ဖော်ပြထားသော ထပ်ဆောင်း အချက်အလက်များပါ ပါဝင်ရမည်။ ရွေးချယ်ခြင်း မခံရသော လျှောက်ထားသူများကိုလည်း အကြောင်းကြားမည်။

Oral Presentation တွင် ရလဒ်အကောင်းဆုံး ရရှိသည့် လျှောက်ထားသူကို USAID/Burma နှင့်အတူ ပြည့်စုံသော လျှောက်လွှာတစ်ခုအား အတူတကွ ပူးပေါင်းပြီး ရေးသားပြင်ဆင်ရန်အတွက် ဖိတ်ခေါ်မည်။ USAID/Burma ၏ AO က ညွှန်ကြားချက်များ၊ Co-creation လုပ်ငန်းစဉ် အဆင့်ဆင့် မည်သည့်အချိန်တွင်မည်သို့ ဆောင်ရွက်ရမည်ကို သိသာစေမည့် timeline တို့ကို ပေးမည်။ ပြည့်စုံသော လျှောက်လွှာတစ်ခုကို တင်ပြမလျှောက်ထားမီ USAID/Burma နှင့် လျှောက်ထားသူသည် ၎င်းလျှောက်လွှာတွင် ပါဝင်သော လုပ်ငန်းများကို ရေရှည်ချဉ်းကပ်ဆောင်ရွက်ရေးအတွက် တွဲဖက် အတူဖန်တီး ဆောင်ရွက်နိုင်ရန် ဖုန်းဖြင့်သော်လည်းကောင်း၊ အီးမေးလ်၊ ဗီဒီယိုကော စသည်ဖြင့်သော်လည်းကောင်း၊ နှစ်မျိုးလုံးဖြင့်သော်လည်းကောင်း၊ အချင်းချင်း မကြာခဏ ဆက်သွယ်ပြောဆိုရမည်။ ရွေးချယ်ခြင်း မခံရသော လျှောက်ထားသူများကိုလည်း အကြောင်းကြားမည်။

လျှောက်ထားသူ၏ တင်ပြချဉ်းကပ်ချက်သည် ဤထောက်ပံ့ငွေ ပေးအပ်မည့် အခွင့်အလမ်းအတွက် လိုအပ်ချက်များနှင့် ကိုက်ညီသည်ဟု USAID/Burma က ဆုံးဖြတ်လျှင် ‘‘milestone-based fixed-amount’’ဟု အမည်ရသော ထောက်ပံ့ငွေကို ပေးအပ်မည်။

လျှောက်ထားလွှာ အပြည့်အစုံအတွက် လုပ်ငန်းစဉ်၏ နောက်ဆက်တွဲ ဆောင်ရွက်ရမည့် အဆင့်များနှင့် ထောက်ပံ့ငွေပေးအပ်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အခန်း(၈)။ ။ ‘‘concept လျှောက်ထားတင်ပြခြင်းဆိုင်ရာ ညွှန်ကြားချက်များနှင့် ဒေသခံများက ဦးဆောင်သော ဖွံ့ဖြိုးရေး လုပ်ငန်းများဆိုင်ရာ လျှောက်ထားသူများအတွက် ဆက်လက် ဆောင်ရွက်ရမည့် အဆင့်များ’’တွင် လေ့လာနိုင်ပါသည်။

## <u>အခန်း(၇)။ ။ Concept များကို ဝေမျှခြင်း</u>

အကယ်၍ USAID က USAID ၏ အခြားငွေကြေးထောက်ပံ့သည့် အစီအစဉ်များ၊ အခြား အလားအလာရှိသည့် ငွေကြေးထောက်ပံ့သူများနှင့်/ သို့မဟုတ် ပြင်ပလုပ်ဖော်ကိုင်ဖက်များနှင့် ချိတ်ဆက်ပေးခြင်းအားဖြင့် Concept တစ်ခု သို့မဟုတ် လျှောက်ထားလွှာတစ်ခုကို ပိုမိုခိုင်မာအားကောင်းလာစေရန် သို့မဟုတ် ငွေကြေးထောက်ပံ့ရန် အခွင့်အလမ်းပေါ်ပေါက်သည်ဟု သတ်မှတ်ပါက USAID သည် concept တစ်ခု သို့မဟုတ် လျှောက်ထားလွှာတစ်ခုကို သင့်တော်သလို စဉ်းစားကူညီပေးနိုင် ရန် မိမိအဖွဲ့အစည်း အတွင်း သို့မဟုတ် ပြင်ပကို ဝေမျှပေးမည် ဖြစ်သည်။

## <u>အခန်း(၈)။ ။ မေးခွန်းများနှင့် ထပ်မံလိုအပ်နိုင်သည့် အကူအညီများ</u>

ဤနောက်ဆက်တွဲကြေငြာချက်နှင့် ပတ်သက်သည့် အကြောင်းအရာ၊ ရည်မှန်းချက်များ စသည်တို့နှင့် သက်ဆိုင်ပြီး မေးမြန်းစရာများ ရှိပါက မေးခွန်းများကို အီးမေးလ်လိပ်စာ burmaoaa@usaid.gov သို့ ပေးပို့ မေးမြန်းနိုင်ပါသည်။

လျှောက်ထားသူတို့၏ ထောက်ပံ့ငွေမပေးအပ်ခင် ကုန်ကျခဲ့သည်များကို USAID က ပြန်ပေးမည် မဟုတ်ကြောင်း သိစေအပ်ပါသည်။

အဆိုပြုလွှာ အကျဉ်းချုပ်တင်ရန် လမ်းညွှန်ချက်များ၊ ဆောင်ရွက်ရမည့် အချက်အလက်များနှင့် ပတ်သက်၍ ထပ်ဆောင်းသတင်း အချက်အလက်များအတွက် “ဒေသခံများက ဦးဆောင်သည့် ဖွံ့ဖြိုးရေး ဆိုင်ရာလုပ်ငန်းများ APS” တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။ ၎င်းကို (https://www. grants.gov/ web/grants/view-opportunity.html? oppId=314757) ကြည့်ပါ။